# အပြစ်တရား၏ကွဲကွာခြင်းအဆုံးသတ်

YR C
NO. 52

အလွတ်ကျမ်းချက်။ ။ ဗျာဒိတ်ကျမ်း ၂၁း၃

"ကောင်းကင်မှကြီးသော အသံကား၊ ဘုရားသခင်၏ တဲကော်သည် လူတို့တွင်ရှိ၏။ လူတို့နှင့်အတူ ကျိန်းဝပ်တော်မူမည်။ သူတို့သည် ကိုယ်တော်၏လူ ဖြစ်ကြလိမ့်မည်။ ဘုရားသခင်သည် ကိုယ်တော်တိုင် သူတို့နှင့်အတူရှိနေ၍ သူတို့၏ ဘုရားသခင် ဖြစ်တော်မူမည်။"





## တနင်္ဂနွေနေ့ ၊ နောက်ဆုံးတွင် ကယ်တင်ခြင်းခံရသူများ ၁

သင်သည် သေသောသူတစ်စုံတစ်ယောက်ကို သိပါသလား။ တစ်စုံတစ်ယောက်က သေဆုံးသောအခါ ဝမ်းနည်းကြသည် မဟုတ်ပါလား။ သို့သော် သခင်ယေရှုပြန်ကြွလာသောအခါ၊ သူ့အတွက်အသက်ရှင်ခဲ့သော သူများအားလုံးကို "နိုးထလော့! ယောက်ျားလေးများတို့နှင့် မိန်းကလေးများ၊ ဖခင်များနှင့် မိခင်များ နိုးထလော့! အဘိုးများနှင့် အဖွားများတို့ နိုးထလော့! ငါကတိတော်ပေးတော်မူသည်အတိုင်း သင်တို့ကိုခေါ်ရန် ငါပြန်ကြွလာပြီ" ဟု မိန့်တော်မူလိမ့်မည်။ သခင်ယေရှုကိုအမှန်တကယ်ချစ်သောလူများ အားလုံးတို့သည် မိမိတို့၏သင်္ချိုင်းဂူအတွင်းမှ ထွက်လာသည်ကို ကျွန်ုပ်တို့ ကြည့်ရှုနေသည်ဟု မြင်ယောင်ကြည့်ပါ။ ကောင်းကင်တမန်များက ကလေးများကို သူတို့၏မိဘများထံပြန်ပို့ပေးသည်ကို ကျွန်ုပ်တို့ တွေ့မြင်ရသည်။ မိတ်ဆွေများအချင်းချင်းတွေ့ဆုံနေကြသည်ကို ကျွန်ုပ်တို့ ကြည့်ရှုရသည်။ ကျွန်ုပ်တို့သည် ဘယ်တော့အခါမှ တစ်ဖန်ကွဲကွာကြရမည်မဟုတ်ကြောင်းကို ကျွန်ုပ်တို့ သိရှိကြသည်။



Amazing Facts

အကျွန်ုပ်တို့သည် ဖြောင့်မတ်သောသူအပေါင်းတို့ကို ကျွန်ုပ်တို့၏ပတ်ပတ်လည်တွင် ရှာဖွေကြသည်။ ထိုသူအချို့တို့သည် ယခင်က အိုနေသောသူဖြစ်ကြောင်းကို ကျွန်ုပ်တို့ မှတ်မိကြသည်၊ သို့သော် သူတို့သည် ယခုတွင် တဖန်ငယ်ရွယ်သောသူများ ဖြစ်နေကြသည်။ အချို့သောသူတို့သည် နာမကျန်းဖြစ်ခဲ့သည်ကို ကျွန်ုပ်တို့ သတိရသည်၊ သို့သော် ယခုတွင် သူတို့သည် ကျန်းမာသောသူများ ဖြစ်လာကြသည်။ အခြားသောသူများသည် မျက်စိကန်းသောသူများ၊ ဆွံ့အသောသူများ သို့မဟုတ် အင်္ဂါမစုံသောသူများ ဖြစ်ခဲ့ကြသည်၊ သို့သော် ယခုတွင် သူတို့သည် မြင်နိုင်၊ ကြားနိုင်၊ ပြေးနိုင်သောသူများဖြစ်ကြသည်။ ချက်ချင်းပင်၊ ကျွန်ုပ်တို့သည် အသစ်သောသူများ၊ ပြည့်စုံသောသူများ၊ မသေနိုင်သောခန္ဓာကိုယ်များနှင့် စိတ်ဝိညာဉ်များအားလုံး ရှိကြလိမ့်မည်ဖြစ်သည်။ ဟေရှာယအနာဂတ္တိ ကျမ်း ၃၅း၅၊ ၆၊ ကောရိန္သုဩဝါဒစာ ပဌမစောင် ၁၅း၅၁-၅၃။

ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကို ပို၍ပို၍ မြင့်တက်လာ၍ ကမ္ဘာမြေကြီးနှင့် သာ၍သာ၍ ဝေးကွာသွားသည်ဟု ခံစားရသည်။ ကျွန်ုပ်တို့သည် သခင်ယေရှုရှိရာ တိမ်တိုက်ပေါ်သို့ တက်ရောက်နေသည်။ ပြီးနောက် ထိုလှပသောတိမ်တိုက်က ကောင်းကင်ဘုံမှာရှိသော ယေရှု၏ အိမ်တော်သို့ ကျွန်ုပ်တို့ကို ခေါ်ဆောင်သွားလိမ့်မည်။

ကျွန်ုပ်တို့ကို ကောင်းကင်သို့ ချက်ချင်းခေါ်ဆောင်သွားမည့် အစား၊ အံ့ဩဖွယ်ကောင်းသောရက်သတ္တပတ်များစွာ ခရီးစဉ်တစ်ခုကို သခင်ယေရှုက စီစဉ်ခဲ့သည်။ ထိုခရီးစဉ်အတွင်းတွင် အံ့ဩစရာများစွာရှိသည်။ သတေဖန်သည် ပေါလုနှင့်တွေ့ဆုံနေသည်ကို မြင်ယောင်ကြည့်ပါ။ "ဟိုမှာ ရှောလု" ဟု ခေါ်ပြီး၊ "သူသည် ငါ့ကိုသတ်ခဲ့သော တာဝန်ရှိသူဖြစ်ခဲ့သည်၊ သို့သော် သူသည် ယုံကြည်သူတစ်ယောက်ဖြစ်လာခဲ့သည်" ဟု ဝမ်းမြောက်စွာ ကြွေးကြော်လိမ့်မည်။ သူသည် ပေါလုက သူ့အကြောင်းပြောပြနေသည်ကို စိတ်အံ့အားသင့်စွာ နားထောင်လိမ့်မည်။

ယေရှုအကြောင်းမကြားခင် သေဆုံးသွားခဲ့သောလူများကိုလည်း ကျွန်ုပ်တို့တွေ့မြင်ကြလိမ့်မည်။ သို့သော် သန့်ရှင်းသော ဝိညာဉ်တော်သည် သူတို့၏စိတ်နှလုံးသားများထဲကို တိတ်တဆိတ်စကားပြောသောအခါ သူတို့သည် သန့်ရှင်းသောဝိညာဉ်တော်ကို နာခံခဲ့ကြသည်။ ယခုတွင် သူတို့သည် "ငါဘာကြောင့် အသက်ရှင်နေတာလဲ၊ ဘာဖြစ်ပျက်နေတာလဲ" ဟု ဝမ်းမြောက်စွာ အံ့ဩနေကြလေသည်။ ကျွန်ုပ်တို့သည် သခင်ယေရှုခရစ်တော်နှင့် သူ၏ချစ်ခြင်းမေတ္တာအကြောင်းကို သူတို့အားပြောပြရန် စိတ်အားထက်သန်နေကြသည်။

**လက်တွေ့ကျင့်သုံးရန်။** ယေရှုနှင့်အတူရှိနေခြင်းထက် ပို၍ စိတ်လှုပ်ရှားစရာ၊ အံ့ဩစရာကောင်းသောအရာနှင့် အရေးကြီးသောအရာ တစ်ခုခု ရှိနိုင်ဦးမည်လော။

## တနင်္လာနေ့ ၊ အံ့ဩဖွယ်ကောင်းသောမြို့ ၂



Amazing Facts

ခုနစ်ရက်ခရီးအပြီးတွင် ကျွန်ုပ်တို့သည် ယေရုရှလင်မြို့သစ်ကို ရောက်လာကြသည်။ မြို့သည် ကျွန်ုပ်တို့ စိတ်ကူးယဉ်နိုင်သည့်အရာထက် ပို၍လှပပါသည်။ ၎င်းသည် စတုရန်းဖြစ်ပြီး တစ်ဖက်စီသည် မိုင်ပေါင်း ရာချီရှည်လျားသည်။ အမြင့်က ဘယ်လောက် ရှိသနည်း။ ဗျာဒိတ်ကျမ်း ၂၁း၁၆။ ၎င်းမြို့၏အုတ်မြစ် ၁၂ ခုစီကို တန်ဖိုးရှိသောမတူညီသည့်ကျောက်တုံးအမျိုးမျိုးဖြင့် ပြုလုပ်ထားသည်။ ရောမတံခါး ၁၂ ခု၏ တစ်ခုစီတွင် ပုလဲတစ်ခုတည်းဖြင့် ပြုလုပ်ထားသည်။ အငယ် ၉-၁၂။ မြို့အတွင်းရှိ လှပသောအိမ်တော်များသည် ကျွန်ုပ်တို့၏ ထာဝရ နေအိမ်များ ဖြစ်လိမ့်မည်။ ရှင်ယောဟန်ခရစ်ဝင် ၁၄း၁-၃။

ကျွန်ုပ်တို့မြို့ထဲမဝင်မီတွင်၊ သခင်ယေရှုကိုယ်တော်တိုင်သည် ကျွန်ုပ်တို့၏ဦးခေါင်းတစ်ခုစီကို သရဖူဆောင်းထားပေးပြီး

ကျွန်ုပ်တို့အတွက် သခင်ယေရှု လုပ်ဆောင်ပေးခဲ့သောအရာများကို အမြဲပြောပြရသည်ကို အမြဲနှစ်သက်ပျော်ရွှင်လိမ့်မည်။ ကျွန်ုပ်တို့အားလုံးသည် ဥပုသ်နေ့တိုင်း ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ကြရမည်ဖြစ်သည်။ ဟေရှာယအနာဂတ္တိကျမ်း ၆၆း၂၃။

**လက်တွေ့ကျင့်သုံးရန်။** ကျွန်ုပ်တို့ရွေးချယ်နိုင်ဆဲဖြစ်သည်မှာ မည်မျှအံ့ဩဖွယ်ကောင်းသည်မဟုတ်လော။ သင်သည် မှန်ကန်သောရွေးချယ်မှုကို လုပ်ပါသလား။ အချိန်ရှိစဉ် အခြားသူများကိုလည်း ထိုနည်းတူလုပ်ဆောင်ရန် ကူညီနေပါသလား။

## သောကြာနေ့ ၊ ကမ္ဘာသစ် ၆

ကျွန်ုပ်သည် ထာဝရကာလအတွက် ဘာလုပ်ရမှန်းစဉ်းစားရန် ဘယ်တော့မှမလိုအပ်ပါ။ အမှန်မှာ ကျွန်ုပ်တို့အတွက် သခင်ယေရှုစီစဉ်ပေးသော အံ့ဩဖွယ်ကောင်သောအရာများအားလုံးကိုပင် ကျွန်ုပ်တို့သည် စိတ်ကူးယဉ်၍မရနိုင်ပါ။ သို့ သော် ထိုအရာအချို့အကြောင်းကို သခင်ယေရှုက ကျွန်ုပ်တို့အား ပြောပြထားပါသည်။ ကောရိန္သုဩဝါဒစာ ပဌမစောင် ၂း၉၊ ၁၀။

လှပသောယေရုရှလင်မြို့သစ်တွင် ကျွန်ုပ်တို့နေစရာအိမ်များ ရှိနေဦးမည်ဖြစ်သည်၊ သို့သော် ကမ္ဘာသစ်တွင် ကျွန်ုပ်တို့၏ ကိုယ်ပိုင်တိုင်းပြည်အိမ်များကိုလည်း တည်ဆောက်ကြရလိမ့်မည်။ နှင်းကြောင့်လာသောနူးညံ့သောရေစီးခြင်း၊ ကျောက်တုံးကင်းသည့် ဥယျာဉ်ခြံ၌ဥယျာဉ်စိုက်ပျိုးခြင်းကို မြင်ယောင်ကြည့်ပါ။ ထို့ပြင် ပေါင်းပင်များ၊ ဆူးများ၊ အန္တရာယ်ရှိသောအင်းဆက်များ သို့မဟုတ် အဆိပ်ရှိသောအပင်ကို နောက်တဖန်မတွေ့ရတော့ကြောင်းကို မြင်ယောင်ကြည့်ပါ။ ဟေရှာယအနာဂတ္တိကျမ်း ၅၅း၁၃၊ ၆၅း၂၁၊ ၂၂။

လေပြေလေညင်းဝိုင်းဝိုင်းလည်နေသည့် လှပသောရွှေရောင်ရှိသော မြက်ခင်းပြင်များကို ဖြတ်သန်း၍ ကျွန်ုပ်တို့လမ်းလျှောက် သွားရလိမ့်မည်။ ကျွန်ုပ်တို့သည် ဘယ်တော့မှမသေတော့သည့်အပင်အမျိုးမျိုးနဲ့ ရောင်စုံပန်းများကို မြင်တွေ့ရလိမ့်မည်ဖြစ်သည်။ အစားအစာများသည် အရသာနှင့်ပြည့်စုံလိမ့်သည်၊ ဘယ်တော့မှ ပျက်စီးလိမ့်မည်မဟုတ်တော့ပေ။ ရာသီဥတုသည် အမြဲတမ်းအကောင်းဖြစ်လိမ့်မည်။

တိရစ္ဆာန်များသည်လည်း အမျိုးမျိုးရှိလိမ့်မည်။ ကျွန်ုပ်တို့သည် မြင်းများ၊ ကုလားအုပ်များ၊ ခြ သေ့များ၊ လင်းပိုင်များ စသည့် ကျွန်ုပ်တို့ရွေးချယ်သည့် မည်သည့်အကောင်ဖြစ်ဖြစ်စီးနင်းနိုင်လိမ့်မည်။ ငှက်များရဲ့သာယာချိုအေးသောတေးသံကို ကျွန်ုပ်တို့ကြားရလိမ့်မည်။ ကျွန်ုပ်တို့မြေကြီးပေါ်ရှိ ကျွန်ုပ်တို့ချစ်မြတ်နိုးသူများကဲ့သို့ ရုပ်သဏ္ဍာန်၊ ပြုမူသည့်အိမ်မွေးတိရစ္ဆာန်များလည်း ရှိကောင်းရှိလိမ့်မည်ဖြစ်သည်။ တိရစ္ဆာန်တိုင်းသည် ယဉ်ပြီး၊ အန္တရာယ်ကင်းမည်။ ဟေရှာယအနာဂတ္တိကျမ်း ၁၁း၆-၉။

ချောင်းများ၊ စမ်းချောင်းများ၊ မြစ်များနှင့် ရေကန်များသည် သန့်ရှင်းစင်ကြယ်လိမ့်မည်။ ကျယ်ပြန့်သောအသက်မြစ်သည် မြို့တော်ရှိဘုရားသခင့်ပလ္လင်တော်မှလာပြီး အသက်ပင်၏ ကြီးမားသောပင်စည်နှစ်ခုကြားတွင် စီးဆင်းလိမ့်မည်၊ မြစ်တစ်ဖက်စီတွင် အသက်ပင်ရှိသည်။ ထိုအပင်၏အကိုင်းအခက် များသည် မြစ်ပေါ်သို့ ဖြာကျပြီး၊ လစဉ် အရသာနှင့်ပြည့်ဝသောအသီးအမျိုးမျိုးကို သီးလိမ့်မည်။ ဗျာဒိတ်ကျမ်း ၂၂း၁၊ ၂။

ကျွန်ုပ်တို့၏ကမ္ဘာသစ်အပြင်၊ စကြဝဠာတစ်ခုလုံးကို ကျွန်ုပ်တို့သည် စူးစမ်းလေ့လာရကြလိမ့်မည်။ သို့သော် ဤအရာများထက်၊ ကျွန်ုပ်တို့ကို ပိုပြီး စိတ်ဝင်စားစေမည့် အခြားအရာတစ်ခု ရှိသည်။ ထာဝရကာလတစ်လျှောက်၊ ကျွန်ုပ်တို့သည် အံ့ဩဖွယ်ကောင်းသောဘုရားသခင်၏ချစ်ခြင်းမေတ္တာနှင့် ကျွန်ုပ်တို့ကို ကယ်တင်ရန် သူ၏အံ့ဩဖွယ်ကောင်းသော စီမံကိန်းများအကြောင်း လေ့လာခြင်းကို ကျွန်ုပ်တို့သည် ဘယ်တော့မျှမရပ်နိုင်ပါ၊ ဆက်လက်လေ့လာကြရမည်။

ဘုရားသခင်၏စုံလင်သေစကြာဝဠာတွင် အပြစ်နှင့်ဆိုင်သောသတိပေးချက်တစ်ခုသာ ရှိလိမ့်မည်။ သခင်ယေရှု၌ သူ၏ ခေါင်း၊ နံဘေး၊ လက်၊ ခြေထောက်တို့တွင် အမာရွတ်များ အမြဲရှိလိမ့်မည်။ ထိုအရာများသည် ကျွန်ုပ်တို့ကိုကယ်တင်ရန် လက်ဝါးကပ်တိုင်၌ သခင်ယေရှုက မိမိအသက်ကိုစွန့်ခဲ့သည်ကို ကျွန်ုပ်တို့အား အမြဲသတိရစေလိမ့်မည်။

**လက်တွေ့ကျင့်သုံးရန်။** ဘုရားသခင်သည် အပြစ်တရားမဝင်သည့်အထိ ဧဒင်ဥယျာဉ်တွင် ညနေတိုင်းအာဒံနှင့် ဧဝထံလည်ပတ်ခဲ့သည်။ နှစ်ပေါင်းထောင်နှင့်ချီ၊ ဘုရားသခင်သည် ဤခွဲခွာနေခြင်းကို အဆုံးသတ်လိုခဲ့သည်။ အပြစ်တရားပြီးဆုံးသောအခါ၊ ကျွန်ုပ်တို့၏ကမ္ဘာမြေကြီးအသစ်သည် အခြားမည်သည့်ကမ္ဘာထက်မဆို ပို၍ ဂုဏ်တင်ခြင်းခံရလိမ့်မည်။ ဘုရားသခင်ကိုယ်တော်တိုင်သည် ဤနေရာတွင်နေထိုင်ပြီး ကျွန်ုပ်တို့နှင့်အတူ ထာဝရနေလိမ့်မည်။ ဗျာဒိတ်ကျမ်း ၂၁း၃၊ ၂၂း၃-၅။ ဘုရားသခင်သည် သူနှင့်အတူ ထိုနေရာ၌ရှိရန် အလိုရှိပါသည်။ သူ၏ခေါ်ဖိတ်ခြင်းကို သင်လက်ခံမည်လား။ ဗျာဒိတ်ကျမ်း ၂၂း၁၇။

**မီလီးနီးယမ်း (အနှစ်တစ်ထောင်)**
ဗျာမ်း ၂၀ ၏ အနှစ် ၁၀၀၀ ပတ်လည်ရှိ အဓိကအဖြစ်အပျက်များ

**နှစ်ပေါင်းတစ်ထောင်မတိုင်မီ**
- ဖြောင့်မတ်သူများနှင့် လူဆိုးတို့ နှစ်မျိုးစလုံးသည် ပထမသေခြင်းကို တွေ့ကြုံရသည်။ ရှင်ယောဟန်ခရစ်ဝင် ၁၁း၁၁-၁၄၊ ကောရိန္သုဩဝါဒစာ ၁၅း၂၂၊ ဟေဗြဲဩဝါဒစာ ၉း၂၇
- သခင်ယေရှုသည် ဘုရားသခင်၏လူများဟုအမည်ခံသူများအား ကောင်းကင်၌ စုံစမ်းစစ်ဆေးရာတရားစီရင်ခြင်းအမှုကို လုပ်ဆောင်နေပါသည်။ ဒံယေလအနာဂတ္တိကျမ်း ၇း၉၊ ၁၀၊ ၈း၁၄၊ ဗျာဒိတ်ကျမ်း ၂၂း၁၁၊ ၁၂
- အသက်ရှင်နေသောသူများအားလုံးတို့သည် သားရဲ၏တံဆိပ် သို့မဟုတ် ဘုရားသခင်၏တံဆိပ် တစ်ခုခုကို လက်ခံကြသည်။ ဗျာဒိတ်ကျမ်း ၁၄း၉-၁၁၊ ၇း၂၊ ၃။



Darrel Tank

**နှစ်ပေါင်းတစ်ထောင်၏အစ**
- သခင်ယေရှုသည် ဤကမ္ဘာကြီးသို့ ဒုတိယအကြိမ်ကြွလာခြင်းတွင် ဘုရင်တကာတို့၏ဘုရင်အဖြစ် ကြွလာလိမ့်မည်။ ဗျာဒိတ်ကျမ်း ၁၉း၁၁-၂၁၊ ရှင်ယောဟန်ခရစ်ဝင် ၁၄း၁-၃
- ဖြောင့်မတ်သောသူတို့သည် ပထမထမြောက်ခြင်းတွင် ထမြောက်ကြလိမ့်မည်။ သက်သာလောနိတ်ဩဝါဒစာ ပဌမစောင် ၄း၁၆
- ဖြောင့်မတ်သောသူတို့သည် သခင်ယေရှုကို ပျော်ရွှင်စွာ တွေ့မြင်ကြလိမ့်မည်။ ဟေရှာယအနာဂတ္တိကျမ်း ၂၅း၉
- ဖြောင့်မတ်သောသူအားလုံးတို့သည် မသေနိုင်သောအဖြစ်သို့ပြောင်းလဲပြီး ကောင်းကင်သို့ ခေါ်ဆောင်ခံရလိမ့်မည်။ ကောရိန္သုဩဝါဒစာ ပဌမစောင် ၁၅း၅၃၊ သက်သာလောနိတ်ဩဝါဒစာ ၄း၁၇
- လူဆိုးအချို့တို့သည် သခင်ယေရှု၏ကြွလာခြင်းကိုမြင်တွေ့ရန် ထမြောက်ကြလိမ့်မည်။ ရှင်မဿဲခရစ်ဝင် ၂၆း၆၄၊ ဗျာဒိတ်ကျမ်း ၁း၇
- လူဆိုးတို့သည် ကြောက်ရွံ့ကြပြီး၊ ပုန်းကွယ်ရန်ကြိုးစားကြလိမ့်မည်။ ဗျာဒိတ်ကျမ်း ၆း၁၆၊ ၁၇
- အသက်ရှင်သောလူဆိုးတို့သည် သခင်ယေရှု၏ကြွလာခြင်းအားဖြင့် ဖျက်ဆီးခြင်းခံရပြီး၊ သူတို့၏သင်္ချိုင်းဂူများထဲတွင် အသေကောင်အဖြစ်ရှိနေကြမည်။ ရှင်လုကာခရစ်ဝင် ၁၇း၂၆-၃၀

**နှစ်ပေါင်းတစ်ထောင်၏အလယ်**
- ဖြောင့်မတ်သောသူတို့သည် လူဆိုးတို့အပေါ် ဘုရားသခင်၏တရားစီရင်ခြင်းကို ပြန်လည်ဆန်းစစ်ကြမည်။ ကောရိန္သုဩဝါဒစာပဌမစောင် ၆း၂၊ ၃
- ဖြောင့်မတ်သောသူတို့သည် ကောင်းကင်တွင် သခင်ယေရှုနှင့်အတူ စိုးစံရကြမည်။ ဗျာဒိတ်ကျမ်း ၂၀:၄
- ဆိုးသောသူအားလုံးတို့သည် သေခြင်း၌ ကျန်ရစ်ကြရမည်။ ဗျာဒိတ်ကျမ်း ၂၀:၅
- စာတန်သည် စုံစမ်းရန် အဘယ်သူမျှမရှိသော ဤကမ္ဘာတွင် ချည်နှောင်ခြင်းခံရမည်။ ဗျာဒိတ်ကျမ်း ၂၀:၁-၃

**နှစ်ပေါင်းတစ်ထောင်၏အဆုံး**
- ယေရုရှလင်မြို့သစ်နှင့် ဖြောင့်မတ်သူတို့သည် ကောင်းကင်မှ ကမ္ဘာမြေကြီးသို့ ဆင်းသက်လာမည်။ ဗျာဒိတ်ကျမ်း ၂၁း၂
- ဆိုးသောသူအားလုံးတို့သည် ထမြောက်လာလိမ့်မည်။ ဗျာဒိတ်ကျမ်း ၂၀:၅
- စာတန်သည် ယေရုရှလင်မြို့သစ်ကို တိုက်ခိုက်ရန် လူဆိုးတို့အား စည်းရုံးလိမ့်မည်။ ဗျာဒိတ်ကျမ်း ၂၀:၇-၉
- ဘုရားသခင်သည် လူဆိုးတို့အပေါ် သူ၏နောက်ဆုံးတရားစီရင်ခြင်းကို လုပ်ဆောင်မည်။ စာတန်နှင့်၊ သူ၏ကောင်းကင်တမန်များနှင့် ဆိုးသောသူအားလုံးတို့သည် အပြစ်၏အကျိုးအားလုံးအတွက် လုံးဝဖျက်စီးခြင်းသို့ ရောက်ကြလိမ့်မည်။ ဗျာဒိတ်ကျမ်း ၂၀:၉-၁၅၊ မာလခိအနာဂတ္တိကျမ်း ၄း၁
- ဘုရားသခင်သည် ကမ္ဘာမြေကြီးကို အသစ်တဖန် ဖန်ဆင်းမည်။ ထိုကမ္ဘာသစ်တွင် သေခြင်းလည်း မရှိ၊ ဝမ်းနည်းခြင်းလည်း မရှိ၊ ငိုကြွေးခြင်းမရှိ၊ နာကျင်ခြင်းလည်း မရှိတော့ချေ။ ဗျာဒိတ်ကျမ်း ၂၁း၁-၅

© ၂၀၂၃ - My Bible First www.mybiblefirst.org sales@mybiblefirst.org

ပေးပြီး ကျွန်ုပ်တို့တစ်ဦးစီအား ရွှေစောင်းကို ပေးလေသည်။ တက်ကျွမ်း စရာမလိုဘဲ၊ ကျွန်ုပ်တို့အားလုံးသည် ကောင်းကင်၏လှပသောတေးဂီတကို မည်သို့တီးခတ်ရမည်ကို သိကြသည်။

ရုတ်တရက်ပင် ကျွန်ုပ်တို့သည် စိတ်လှုပ်ရှားစရာကောင်းသော အော်ဟစ်ကြွေးကြော်သံတစ်ခုကို ကြားရသည်။ ယေရှုနှင့် အာဒံသည် တွေ့ ခါနီးပြီ! သခင်ယေရှုသည် အာဒံထံ မိမိလက်တော်ကို ပွေ့ဖက်နေသည်ကို ကျွန်ုပ်တို့ ကြည့်ရှုနေကြသည်။ သို့သော် အာဒံသည် သခင်ယေရှု၏လက်၌ အမာရွတ်များကို မြင်သောအခါ၊ သူသည် သခင်ယေရှုရှေ့တော်၌ပြပ် ဝပ်၍၊ "အသေသတ်ခြင်းကို ခံရသောသိုးသငယ်သည် ထိုက်တန်ပေ၏၊ ထိုက်တန်ပေ၏" ဟု ပြောဆိုသည်။

ထို့နောက် ဒေဝဥယျာဉ်ကို အာဒံအား သခင်ယေရှုပြသနေသည် ကို ကျွန်ုပ်တို့ကြည့်ရှုနေကြသည်။ ၎င်းသည် ရေလွှမ်းမိုးခြင်းမတိုင်မီ ကမ္ဘာ မြေမှယူဆောင်သွားခြင်းကို ခံရခဲ့သည်။ ယခုတွင် အာဒံသည် သူအပြစ်မ ကျူးလွန်ခင်ကဲ့သို့ပင် အရာအလုံးစုံတို့ကို မြင်တွေ့ရလေသည်။ ယေရှု သည် သူ့အား အသက်ပင်မှ အသီးကိုပေးပြီး၊ ၎င်းအသီးကို စားခိုင်းသည်။ ကယ်တင်ခြင်းသို့ရောက်သော သူ၏လူသားမိသားစုမှ သန်းပေါင်းများစွာ သောလူများကို အာဒံမြင်တွေ့ရသည်။ သခင်ယေရှုပြုတော်မူသမျှကို သူ နားလည်သဘောပေါက်ခြင်းက သူ့ကို လွှမ်းမိုးနေသည်။ သူ အဘယ်မျှ လောက် ကျေးဇူးတင်သနည်း။


Amazing Facts

ယေရှုသည် မြို့တံခါးတို့ကိုဖွင့်သည်နှင့်အမျှ သူသည် ဝမ်း မြောက်စွာကြိုဆိုလေသည်။ အတွင်းပိုင်းတွင် မိုင်ပေါင်းများစွာရှည်လျား သောငွေရောင်စားပွဲတစ်လုံးကို ကျွန်ုပ်တို့တွေ့ရသည်။ သို့သော် ၎င်းသည် တစ်ဖက်မှတစ်ဖက်သို့ ကျွန်ုပ်တို့၏မျက်လုံးများဖြင့် ရှင်းရှင်း လင်း လင်းမြင်နိုင်သည်။ ကျွန်ုပ်တို့စားဖူးသမျှတွင် အရသာအရှိဆုံးသော အစာကို သခင်ယေရှုက ကျွန်ုပ်တို့အား ပေးသည်။ တပည့်တော်များ နှင့်အတူ ပသခါပွဲပြီးဆုံးချိန်မှစ၍ သခင်ယေရှုသည် ဂတိတော်ရှိ တော်မူသည့်အတိုင်း ကျွန်ုပ်တို့နှင့်စပျစ်သီးဖျော်ရည်ကို သောက်သုံး တော်မူလေသည်။ ရှင်မဿဲခရစ်ဝင် ၂၆း၂၉။

**လက်တွေ့ကျင့်သုံးရန်။** သင်သည် သခင်ယေရှုနှင့်အတူ ထို နေရာတွင် ရှိမနေချင်ဘူးလား။ သင်၏ခေါင်းပေါ်၌သရဖူကို ဆောင်းပေး၍ သင်အဘို့ပြင်ဆင်တော်မူသော ထိုအထူးသောအရပ်သို့ သင့်ကို ကြိုဆို သောအခါ သင်အဘယ်မျှလောက်ဝမ်းမြောက်လိမ့်မည်နည်း။ ထို အရပ်သို့ ရောက်ရှိရန် ယနေ့ သင်မဆုံးဖြတ်နိုင်ဘူးလား။

## အင်္ဂါနေ့ ၊ နှစ်ပေါင်းတစ်ထောင် ၃

ကျွန်ုပ်တို့သည် ယေရှုရှလင်မြို့သစ်တွင် နှစ်ပေါင်းတစ်ယောင် (မီလီးနီးယမ်း) နေထိုင်ရမည်ဖြစ်သည်။ ဤအချိန်သည် အလွန် အရေး ကြီးသောအချိန်တစ်ခုဖြစ်သည်။ ကျွန်ုပ်တို့တွေ့ဆုံရန်မျှော်လင့်ခဲ့သော မိသားစုဝင်များနှင့် မိတ်ဆွေသူငယ်ချင်းများကို ရှာဖွေကြလိမ့် မည်ကို သခင်ယေရှုက သိသည်။ သူတို့ထဲက တချို့မရှိသည် ကို ကျွန်ုပ်တို့ အံ့သြမိသည်။ "သူတို့က အဘယ်မှာနည်း" ဟု ကျွန်ုပ်တို့ မေးကြသည်။ "သူတို့သည် ဘာကြောင့် ဤနေရာ တွင် မရှိကြရသနည်း။"


Amazing Facts

ကျွန်ုပ်တို့သည် မေးခွန်းတိုင်းကို ဖြေကြားဖို့ရန် သခင်ယေရှုကို ကိုးစားပြီး၊ သည်းခံစွာ စောင့်နေကြသည်။ သူသည် မှတ်တမ်းတင်ထားသောစာအုပ်များကို ဖွင့်တော်မူသည်။ ကျွန်ုပ် တို့သည်လည်း ပျောက်ဆုံးသောလူပုဂ္ဂိုလ်တစ်ဦးစီတိုင်း၏မှတ်တမ်းကို ဂရုစိုက်စွာ စစ်ဆေးကြသည်။ အပြစ်တစ်ခုစီတိုင်းကို အသေအချာ မှတ်တမ်းတင်ထားပါသည်။ သူတို့၏လျှို့ဝှက်သောအပြစ် များကို ယခုအချိန်တွင် လူများအားလုံးမြင်တွေ့ဖို့ရန်အ တွက် ဖွင့်ပြတော်မူသည်။ ကောရိန္သုဩဝါဒစာ ပဌမ စောင် ၄း၅။ သူတို့ကိုကယ်တင်ရန် သခင်ယေရှု ၏ ကြိုးပမ်းမှုတစ်ခုစီတိုင်းကိုလည်း မှတ်တမ်း တင်ထားသည်။ သူတို့၏အပြစ်များကို ကျော် လွှားနိုင်ရန် ယေရှုကိုကူညီခွင့်မပြုခြင်းကြောင့် သူ တို့သည် ကောင်းကင်တွင် ဘယ်သောအခါမျှပျော်ရွှင်နိုင်မည် မဟုတ်ပါ။ ဘုရားသခင်သည် အဘယ်မျှလောက် တရားမျှတသောသူဖြစ်ကြောင်းနှင့် ချစ်ခြင်းမေတ္တာနှင့်ပြည့်ဝသောသူဖြစ်ကြောင်းကို ကျွန်ုပ်တို့တွေ့မြင်သည်။ မေးခွန်းများအားလုံးကို ဖြေပေးလေသည်။


Amazing Facts

ထို့နောက် ကျွန်ုပ်တို့သည် ဆုံးရှုံးသွားသော လူတစ်ဦးချင်းစီနှင့် စာတန်နှင့် သူ၏ ကောင်းကင်တမန်များအတွက် သူတို့ပြုမူသမျှအတိုင်း၊ တရားမျှတသော ပြစ်ဒဏ်မည်မျှရှိသည်ကို ဆုံးဖြတ်ကြလိမ့်မည်။ ကောရိန္သုဩဝါဒစာ ၆း၂၊ ၃၊ ဗျာဒိတ်ကျမ်း ၂၀:၄၊ ၂၂း၁၂။

သခင်ယေရှု၏ဒုတိယကြွလာခြင်းတွင် စာတန်အတွက် အ ဘယ် သို့နည်း။ ဗျာဒိတ်ကျမ်း ၂၀:၁-၃။ မှန်ပါသည်၊ စာတန်သည် တကယ့် သတ္တုသံကွင်းများနှင့် ချည်နှောင်ခြင်း မခံရပါ။ ဘုရားသခင်က သူ့ကို ကမ္ဘာမြေကြီးကနေ မထွက်ခွာစေဘူးလို့ ပြောခြင်း ဖြစ်သည်။ သူ သည် ထိုအရပ်၌ "ချုပ်ထားခြင်း" ကို ခံရသည်။ စကြဝဠာတစ်ခုလုံး သည် စာတန်အား သူတို့ကိုနှောင့်ယှက်ခြင်းနှင့် သွေးဆောင်ခြင်း မ ပြုနိုင်တော့သောကြောင့် ဝမ်းမြောက်နေကြသည်။


Amazing Facts

စာတန်သည် စိတ်ဆင်းရဲသည်။ အစုံအစမ်းပြုရန် အဘယ်သူမျှ မရှိတော့ချေ။ အဘယ်ကြောင့်ဆိုသော် ဖြောင့်မတ် သောသူတို့သည် ကောင်းကင်တွင်ရှိပြီး၊ ဆိုးသောသူတို့ သည် ဆုံးရှုံးခြင်းသို့ ရောက်နေပြီဖြစ်သောကြောင့်ဖြစ် သည်။ ကောင်းကင်တမန်များ၏ သူတို့တစ်ဦးကိုတစ် ဦး အပြစ်တင်ဝေဖန်ခြင်း၊ ပြင်းထန်စွာတိုက်ခိုက်ခြင်း နှင့် အပြစ်တင်ကြခြင်းတို့ကို သူကြားရသည်။ စကြဝဠာ၌ ဖြစ်ပျက်ခဲ့သမျှသောအရာများအတွက် သူ သည် အပြစ်တင်ခြင်းခံရမည်ကို သိသည်။ လူသူ ဆိတ်ညံနေသောကမ္ဘာမြေကို လှည့်လည်သွားစဉ်တွင် သူသည် သူ့၏ပုန်ကန်မှု၏ရလဒ်များကို တွေ့မြင်ကာ သူခံရမည့်ဒဏ်ကို ကြောက်လန့်လေသည်။

**လက်တွေ့ကျင့်သုံးရန်။** ဘုရားသခင်က အမြဲတမ်းမျှတမှုရှိသည် ဟု သင်စဉ်းစားဖူးသလား။ တချို့ကိစ္စများသည် ဘာကြောင့် ဤသို့ဖြစ် ရသနည်းဟု သင့်မှာ မေးစရာရှိပါသလား။ ထိုသို့ဖြစ်နေလျှင် စိတ်ရှည်စွာ ဘုရားသခင်ကို ယုံကြည်ကိုးစားပါ။ အနှစ်တစ်ထောင် အတွင်းမှာပဲ၊ သင် ၏ မေးခွန်းများကို အဖြေပေးလိမ့်မည်။

## ဗုဒ္ဓဟူးနေ့ ၊ ဒူးထောက်ကြကုန်ခြင်း ၄

အနှစ်တစ်ထောင်အတွင်းမှာ ကျွန်ုပ်တို့၏မေးခွန်းများအားလုံးကို ဖြေကြားပေးမည်ဟူသည့်အကြောင်းကို မနေ့က လေ့လာသိရှိခဲ့ပြီးဖြစ်ပါ သည်။ ဘုရားသခင်သည် မတရားသောသူများအား တရားသဖြင့်စီရင် တော်မူသည်ကို ကျွန်ုပ်တို့ တွေ့မြင်ရကြလိမ့်မည်။ စာတန်၊ သူ၏ ကောင်း ကင်တမန်များနှင့် လူဆိုးများသာလျှင် ဘုရားသခင်၏ တရားမျှတမှုကို ယုံကြည်လက်ခံနိုင်ခြင်းမရှိသေးပါ။

နှစ်ပေါင်းတစ်ထောင်၏အဆုံးတွင်၊ ကျွန်ုပ်တို့သည် သခင်ယေရှု နှင့် သူ့ကောင်းကင်တမန်တော်များနှင့်အတူ ကမ္ဘာမြေကြီးသို့ ပြန်လာကြ လိမ့်မည်။ ကျွန်ုပ်တို့ဆင်းသက်လာသောအခါ၊ ယေရှုသည် သေနေသော လူဆိုးများကို နိုးထစေလိမ့်မည်။ သူတို့အားလုံးသည် သေဆုံးသောအချိန် ကကဲ့သို့ နိုးထလာကြလိမ့်မည်။ သူတို့၌ မစုံလင်သောကိုယ်ခန္ဓာများနှင့် ညစ်ညူးသောမကောင်းသောစိတ်များ ရှိနေဆဲဖြစ်သည်။ ဗျာဒိတ်ကျမ်း ၂၀:၅။

လူဆိုးတို့သည် သခင်ယေရှုကြွလာတော်မူခြင်းကို မြင်ကြလိမ့် မည်၊ လူအပေါင်းတို့က "ထာဝရဘုရား၏အခွင့်နှင့် ကြွလာ သောသူသည် မင်္ဂလာရှိစေသတည်း" ဟု ကြွေးကြော်ကြလိမ့် မည်။ သူတို့သည် သခင်ယေရှုကို မုန်းနေဆဲဖြစ်သည်၊ သို့သော် သူသည် မင်္ဂလာရှိသောသူဖြစ်ကြောင်းကို ဝန်ခံရန် သူတို့မကူညီ နိုင်ကြချေ။

ယေရှုသည် သံလွင်တောင်သို့တက်သောအခါ၊ ၎င်းတောင်သည် နှစ်ပိုင်းကွဲသွားပြီး၊ ရောမလွင်ပြင် ဖြစ်လာလေသည်။ ဇာခရိအနာဂတ္တိ ကျမ်း ၁၄း၄။ ယေရှုရှလင်မြို့သစ်သည် ထူးဆန်းစွာဆင်းလာပြီး၊ ထို လွင်ပြင်သို့ အခြေချလာသည်ကို ကျွန်ုပ်တို့ ကြည့်မြင်နေကြရသည်။

ဘီလီယံနှင့်ချီသော ဆိုးသွမ်းသောလူဆိုးများ ပြန်ရှင်သန် လာသည်ကို စာတန်သည် မြင်တွေ့သောအခါတွင် သူ့အတွက် မျှော် လင့်ချက်ရှိသေးသည်ဟု သူသည် ရုတ်တရက်ဆုံးဖြတ်လိုက် သည်။ သူတို့၏ကယ်တင်ရှင်ဖြစ်သည်ဟုမိမိကိုယ်ကိုပြောဆိုခြင်း အားဖြင့်၊ သူသည် ဖျားနာသူနှင့် အားနည်းသူများကို တန်ခိုးပေး လေသည်။ သူသည် လူဆိုးများက ယေရှုရှလင်မြို့သစ်ကို သိမ်းယူ နိုင်သည်ဟု ယုံကြည်သည်။ ထို့နောက် သူနှင့်သူ၏ ကောင်းကင်တမန်များ၊ ဆိုးသွမ်းသူအားလုံးနှင့်အတူ စစ်ဆင်နွှဲရန် စီစဉ်ခဲ့ကြသည်။ ဗျာဒိတ်ကျမ်း ၂၀:၇-၉။

သူတို့သည် မြို့တော်သို့ချီတက်လာသောအခါ ယေရှုသည် လူ ဆိုးအားလုံးကို တသီးတသန့်ထားရန် တံခါးအားလုံးကို ပိတ်လိုက်သည်။ ချက်ချင်းပင် သူတို့သည် ချီတက်ခြင်းကို ရပ်တန့်ကြသည်။ မြို့တော် အပေါ်၌ သခင်ယေရှုသည် သူ၏ရာဇပလ္လင်တွင် ထိုင်နေတော်မူသည် ကို၎င်း၊ သူသည် ဘုရင်တကာတို့၏ဘုရင်အဖြစ် သရဖူဆောင်းထား၍ ပညတ်တော်ဆယ်ပါးကို ကိုင်လျက်ထိုင်နေသည်ကို သူတို့တွေ့ရသည်။ အ ငယ် ၁၁၊ ၁၂။

ထို့နောက်၊ လူဆိုးတို့သည် အာဒံ၏စုံစမ်းခြင်းခံရမှုနှင့် ကျဆုံး ခြင်း၏မြင်ကွင်းကျယ်တစ်ခုနှင့်၊ ကယ်တင်ခြင်းစီမံကိန်းတစ်ခုလုံးကို မြင် တွေ့ရသည်။ သူတို့သည် သခင်ယေရှု၏အသက်တာ၊ အမှုတော်လုပ်ဆောင် ခြင်းနှင့် လက်ဝါးကပ်တိုင်ပေါ်အသေခံခြင်းကို မြင်တွေ့ကြ လိမ့်မည်။ သန့်ရှင်းသောဝိညာဉ်တော်ကို တွန်းလှန်ရန်နှင့် စာတန်၏မုသာများကို ယုံကြည်ရန်ရွေးချယ်လိုက်သော အပြစ်တစ်ခုစီတိုင်းကို သူတို့တစ်ဦးစီ သတိရကြလိမ့် မည်။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာနှင့် တရားမျှတမှု ရှိခြင်းနှင့် သူတို့သည် သေထိုက်သောသူများဖြစ်ကြကြောင်း ကို လူတိုင်းသိကြလိမ့်သည်။ ဘုရားသခင်သည် တရားမျှတ သောသူဖြစ်သည်ကို စာတန်ပင် ယုံကြည်လက်ခံလိမ့်မည်။ ဖိ လိပ္ပိဩဝါဒစာ ၂း၉-၁၁။


Amazing Facts

**လက်တွေ့ကျင့်သုံးရန်။** ရှင်ပြန်ထမြောက်ခြင်းသည် ဖြောင့်မတ် သူနှင့် လူဆိုးတို့၏အကျင့်စရိုက်ကို မပြောင်းလဲပါ။ သို့သော် ဘုရား သခင်သည် သူ၏ချစ်ခြင်းမေတ္တာနှင့် ကရုဏာတော်ကိုတုံ့ပြန်ရန် ယနေ့ ကျွန်ုပ်တို့ကို အချိန်ပေးထားသည်။ ဟေဗြဲဩဝါဒစာ ၃း၇-၁၅။

## ကြာသပတေးနေ့ ၊ အပြစ်တရား၏အဆုံး ၅

လူဆိုးတို့အားလုံးက ဘုရားသခင်သည် ချစ်ခြင်းမေတ္တာရှိသော သူ၊ တရားမျှတသောသူဖြစ်သည်ဟု ဝန်ခံသော်လည်း သူတို့သည် သူ့အား မုန်းနေဆဲဖြစ်သည်။ နောက်တဖန်၊ စာတန်သည်လည်း တိုက်ခိုက်၍ မြို့ကိုတိုက်ယူရန် လူဆိုးတို့အား တိုက်တွန်းနှိုး ဆော်လေသည်။ သို့သော် စာတန်သည် သူ့တန်ခိုးအားလုံး ဆုံးရှုံးခဲ့ပြီးဖြစ်သည်။ ဘုရားသခင်၏ပညတ်တော်ကို မနာခံ ခြင်းသည် လွတ်လပ်မှုကို ဖြစ်စေလိမ့်မည်ဟု စာတန်အမြဲ ပြောဆိုခဲ့သည်။ ယခုတွင် စာတန်ကလိမ်လည်လှည့်စားသူ တစ်ယောက်ဖြစ်သည်ကို လူဆိုးတို့သည် တွေ့မြင်ကြသည်။ ထိုလူဆိုးတို့၏ပြင်းစွာသောဒေါသအမျက်သည် သူနှင့် သူ့ ကောင်းကင်တမန်များဘက်သို့ လှည့်လေသည်။

ရုတ်တရက် မီးသည် ကောင်းကင်မှ ကျလာပြီး ကမ္ဘာမြေကြီးကို လောင်ကျွမ်းသည်။ ဗျာဒိတ်ကျမ်း ၂၀:၉။ အပြစ်သားတိုင်းသည် မိမိတို့ ၏အကျင့်အတိုင်း ပြစ်ဒဏ်ကို ခံစားရသည် (ဗျာ ဒိတ်ကျမ်း ၂၂း၁၂) ။ အခြားသောသူတို့သည် အချိန်ပိုလောင်မြိုက်ခြင်းခံရစဉ် အချို့တို့သည် ချက်ချင်းဖျက်ဆီးခြင်းခံရသည်။ စာတန်တစ်ဦးတည်းသာ အရှည်ကြာဆုံး လောင်မြိုက်ခြင်းခံရသည်။ နောက်ဆုံးတွင် အားလုံးတို့သည် ပြာမှုန့်အထိ လောင်ခြင်းခံရသည်။ မာလခိအနာဂတ္တိကျမ်း ၄း၁-၃၊ ယေဇကျေလအနာ ဂတ္တိကျမ်း ၂၈း၁၉။

ထိုအချိန်တွင် စာတန်စတင်ခဲ့သောတိုက်ပွဲသည် ပြီးဆုံးသွားလေ ပြီ။ ဝမ်းနည်းစရာကောင်းသော ထိုထောင်ချီသောနှစ်ပေါင်းသည် အတိတ် တွင် ကျန်လေပြီ။ စကြဝဠာတစ်ခုလုံးသည် လုံခြုံပြီ၊ သန့်စင်လေပြီ။ အ ပြစ်သည် ဘယ်တော့မှ တဖန်ဖြစ်ပျက်မလာတော့ချေ။ နာဟုံအနာဂတ္တိ ကျမ်း ၁း၉။ ထို့နောက် သခင်ယေရှုသည် သူကတိတော်ပေးတော်မူသည့် အတိုင်း အသစ်သော၊ ပြည့်စုံသော၊ လှပသောကမ္ဘာတစ်ခုကို ဖန်ဆင်းပေး လိမ့်မည်။ ဟေရှာယအနာဂတ္တိကျမ်း ၆၅း၁၇။

မျက်ရည်ကျရခြင်းများ၊ ကွဲကွာခြင်းများ၊ စစ်ပွဲများ၊ လူသတ်မှု များ၊ ခိုးယူခြင်း၊ လိမ်လည်မှု၊ ဆာလောင်မှု၊ နာကျင်ခြင်း၊ ဖျားနာခြင်း၊ ရောဂါ၊ သေခြင်း၊ ဆင်းရဲခြင်း၊ အိုးအိမ်မဲ့ခြင်း၊ မသန်စွမ်းခြင်းများ၊ မတော် တဆမှုများ၊ ထောင်များ၊ မြေလျှင်များ၊ မုန်တိုင်းများ၊ မီးများ၊ ရေကြီး ခြင်းများ မရှိတော့ပါ။ ဤစာရင်း၌မပါသေးသော မကောင်းမှုများသည် မ ရှိတော့ပေ။ ဗျာဒိတ်ကျမ်း ၂၁း၄။

ထိုအချိန်ကစပြီး ကျွန်ုပ်တို့သည် ဘာလုပ်ကြမည်နည်း။အချို့လူ များသည် ထာဝရအသက်ရှင်ရန်စိတ်မဝင်စားကြပါ၊ အဘယ်ကြောင့်ဆို သော်သူတို့က ကျွန်ုပ်တို့သည် ဦးခေါင်းထက် ရောင်ခြည်စက်ဝိုင်းကို ဝတ် ဆင်ပြီး တိမ်များပေါ်တွင်ထိုင်၍ စောင်းတီးနိုင်မည်ဟုသာ ထင်နေကြသော ကြောင့်ဖြစ်သည်။ အဘယ်မျှလောက် ငြီးငွေ့စရာကောင်းပေသည်မဟုတ် လော။ သခင်ယေရှုသည် ကျွန်ုပ်တို့အတွက် ပို၍ကောင်းသောအရာများကို စီစဉ်ပေးပါသည်။ သူသည် စွမ်းအားပြည့်စုံသောအဖြစ်သို့ ကျွန်ုပ်တို့ကို ဖန်ဆင်းခဲ့ပါသည်။ ကျွန်ုပ်တို့သည် လှုပ်ရှားခြင်းအမျိုးမျိုးဖြင့် ဝမ်းမြောက် လိမ့်မည်၊ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့၏ပြည့်စုံသောခန္ဓာကိုယ် များသည် ဘယ်သောအခါမှ မောပန်းနွမ်းနယ်လိမ့်မည် မဟုတ်တော့ပါ။

ကျွန်ုပ်တို့သည် အာဒံ၊ အာဗေလ၊ ဧနောက်၊ နောဧ၊ အာဗြံဟံ၊ ဣ ဇက်၊ ယာကုပ်၊ ယောဘ၊ မောရှေ၊ လေိယ၊ ဒံယေလ၊ ပေါလု၊ ပေတရု၊ ယော ဟန်၊ ဝီလီယံမီလာ နှင့် အခြားသန်းနှင့်ချီသော လူများတို့နှင့်အတူ လမ်း လျှောက်သောအချိန်ကို ရရှိလိမ့်မည်ဖြစ်သည်။ ပြီးနောက် ဘယ်သောအခါ မှအပြစ်မလုပ်ဖူးသောအခြားကမ္ဘာများရှိလူများကိုလည်း ကျွန်ုပ်တို့သိရ လိမ့်မည်။